ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး
ဗဟိုဌာနချုပ်
ကော်သူးလေ
www.knuhq.org

နေ့စွဲ။ ။ အောက်တိုဘာလ ၂၉ ရက်နေ့၊ ၂၀၁၈ ခုနှစ်။

## လူမှုကွန်ရက်သို့ ပြန့်နှံ့သွားသောအကြောင်းကြားစာနှင့် စပ်လျဉ်းသည့် ကိစ္စအား ရှင်းလင်းချက်

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အမျိုးသားပြန်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၏ ဥက္ကဋ္ဌ ဖြစ်သော ဒေါ်အောင်ဆန်းစုကြည်ထံသို့လိပ်မူ၍ အောက်တိုဘာလ ၂၇ ရက်နေ့၊ ၂၀၁၈ ခုနှစ်၊ နေ့စွဲဖြင့် အကြောင်းကြားစာ တစ်စောင် ပေးပို့ခဲ့ပါသည်။

စာပါအကြောင်းအရာအရ KNU သည် ဒီမိုကရေစီကိုအခြေခံပြီး ဖွဲ့စည်းထားသော အဖွဲ့အစည်း ဖြစ်သည့်အလျောက် အဖွဲ့ အစည်းအနေဖြင့် စုပေါင်းတာဝန်ယူမှု၊ တာဝန်ခံမှုနှင့်အတူ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် တစ်ဦးချင်းစီက တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပွင့်လင်းမြင်သာမှုများရှိရပါမည် ဖြစ်သည်။

သို့ဖြစ်သောကြောင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅-၁၆ ရက်နေ့က နေပြည်တော်တွင် ပြုလုပ်ခဲ့သော အစိုးရနှင့် တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများ သီးသန့်အစည်းအဝေး၏ သဘောတူညီချက်များအား ပြန်လည်ချပြခြင်း၊ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းများကို အဖွဲ့အစည်းအတွင်း ပြုလုပ်ရမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှု အသစ်ဖြစ်သည့် ယန္တရား၊ မူဘောင်နှင့် ဆုံးဖြတ်ချက်ချမည့် ပုံစံအား အဖွဲ့ဝင်များအားလုံးနှင့် ကရင်ပြည်သူလူထုတို့ နားလည်ရန်နှင့် သဘောတူညီမှုရယူရန် လိုအပ်နေသေးသည့် အတွက် KNU အနေဖြင့် လတ်တလောကျင်းပမည့် အစည်းအဝေးများ တက်ရောက်ပါဝင်မှုများကို ယာယီ ဆိုင်းငံ့ထား မည် ဖြစ်ပါသည်။

ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အဓိကပါဝင်ပတ်သက်သူများအတွင်း သဘောထားတင်ပြသည့် အကြောင်းကြား စာ ဖြစ်သော်လည်း လူမှုကွန်ရက်သို့ အလျင်အမြန် ပြန့်နှံ့သွားခြင်းအတွက် လျှို့ဝှက်ထိန်းသိမ်းအပ်သော သတင်းအချက်အလက် များကို သက်ဆိုင်သူများက ထိန်းသိမ်းအပ်သည်ဟု ယုံကြည်ကြောင်း ပြောကြားလိုပါသည်။ ထိုမှသာ ရေရှည် တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ဆောင်ရာတွင် အချင်းချင်းကြား ပိုမိုခိုင်မာသော ယုံကြည်မှုနှင့် အမျိုးသားပြန်လည် ရင် ကြားစေ့ရေးကို တည်ဆောက်နိုင်မည်ဟု မိမိတို့ အနေဖြင့် ယုံကြည်ပါသည်။ **KNU အနေဖြင့်လည်း NCA ကိုအခြေခံသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဖြင့် ရေရှည်တည်တံ့ ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရန်အတွက် တစိုက်မတ်မတ် ဆောင်ရွက်သွားမည် ဟု သန္နိဌာန် ချထားပါသည်။**

ဗဟိုအလုပ်အမှုဆောင်ကော်မတီ